***နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ***

## အပိုင်း ၇၊ **အခန်း** ၁၆ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

သင်ခန်းစာရည်ရွယ်ချက်များ

**-ဤသင်တန်းကာလပြီးဆုံးချိန်တွင်၊ ပါဝင်တက်ရောက်သူသင်တန်းသား/သူ များသည် အောက်ပါအနေအထားအဆင့်တွင် ရောက်ရှိနေသင့်သည်။**

- ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပုံစံများ၊ အတိုင်းအတာ နှင့် ထိခိုက်သက်ရောက်မှုများနှင့် အကြမ်းဖက်ခံရသော ကလေးသူငယ်များအတွက် သတ်မှတ်လိုအပ်ချက်များ အကြောင်းကို ရှင်းပြနိုင်ရမည်။
- အကြမ်းဖက်ခံရသည့် ကလေးသူငယ်သားကောင်များ နှင့် သက်သေများအတွက် ဆောင်ရွက်ပေးရာတွင် သက်ဆိုင်သည့် ဥပဒေ၊ ကျင့်ဝတ်နှင့် လက်တွေ့လိုအပ်ချက်များဆိုင်ရာတို့ကို ခွဲခြားဖော်ထုတ်နိုင်စေရန်
- ခြားနားသည့် အသက်အရွယ် နှင့် အရွယ်ရောက်သည့်အဆင့် အမျိုးမျိုးသော ကလေးသူငယ်များကို လူတွေ့မေးမြန်းမှုပြုလုပ်ရာတွင် အထောက်အကူဖြစ်စေသည့် နည်းပညာကျွမ်းကျင်မှုများကို သိရှိမှတ်သားနိုင်စေရန်

အကြံပြုထားသော သင်တန်းကြာမြင့်ချိန်- **၉၀ မှ ၁၅၀ မိနစ်**

**လေ့ကျင့်ခန်း/**လက်တွေ့သင်ခန်းစာ - **မရှိပါ**

### နိုင်ငံတကာ လုပ်ထုံးလုပ်နည်း၏ ဆက်စပ်သော သင်ခန်းစာများ

စာမျက်နှာ ၂၄၄-၂၆၃၊ အခန်း ၂ - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း၊ အခန်း ၇ - မထိခိုက်စေပါနှင့် Do No Harm၊ အခန်း ၈ - ဘေးအန္တရာယ်ကင်းရှင်းစေရေး နှင့် လုံခြုံရေး၊ အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း၊ အခန်း ၁၁ -လူတွေ့မေးမြန်းခြင်း၊ အခန်း ၁၇ - အမျိုးသားများနှင့် ယောကျ်ားလေး

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ နောက်ဆက်တွဲ ၇- လူတွေ့မေးမြန်းရာတွင် ဆောင်ရွက်ရန်စာရင်း၊ နောက်ဆက်တွဲ ၈ - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ခံရသူများ/ သက်သေများ ၏ ကိုယ်ရေးအချက်အလက်ဆိုင်ရာ ပုံစံဇယားကွက်

<u>အထွေထွေ ပဉ္စမ မိတ်ဆက် ရှင်းလင်းချက်များ</u> - CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (နှင့် အခြား ပြစ်မှုများ နှင့် ချိုးဖောက်စော်ကားမှုများ) ကို သက်သေခံမှတ်တမ်းတင်ခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးမှုတို့တွင် ကလေးသူငယ်များနှင့် *အပြန်အလှန် ဆက်ဆံတုန့်ပြန်ခြင်း သို့မဟုတ် ထိတွေ့ဆက်ဆံမှုများတွင်* နိုင်ငံတကာ ဥပဒေ နှင့် အကောင်းဆုံးနည်းဖြင့်လက်တွေ့လုပ်ဆောင်ခြင်းတို့နှင့်အညီ တာဝန်ခံမှု ရှိစေရေး ရည်ရွယ်ချက်များအားဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အသိပညာနှင့် ကျွမ်းကျင်မှု တို့လိုအပ်သည်ဖြစ်ရာ ၎င်းတို့မှာ ယခုလက်ရှိအချိန်ကာလတွင် အလွန်အမင်းရှားပါးသည်။ လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ပြစ်မှုများ၊ စစ်ပွဲအတွင်းကျူးလွန်သည့် ပြစ်မှုများ၊ လူမျိုးတမျိုးလုံးကို အစုအပြုံလိုက်သတ်ဖြတ်ခြင်း၊ လူ့အခွင့်အရေးကို စနစ်တကျ နှင့် ဆိုးဝါးစွာ ဖေါက်ဖျက်ကျူးလွန်ဖြင်းတို့၏ သက်ဆိုင်သည့် ဆက်စပ်အကြောင်းအရာနှင့် အခြေအနေများကို သက်သေမှတ်တမ်းပြုစုခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းတို့သည်
အရင်းအမြစ်ကျပ်တည်းသည့်ပတ်ဝန်းကျင်အခြေအနေအကြောင်းကြောင်းတို့ကြောင့် အထူးသဖြင့် ပဋိပက္ခများ သက်ရောက်ထိခိုက်နေသည့်နိုင်ငံများတွင် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ အကယ်၍ ကြားဝင်ဆောင်ရွက်မည်ဆိုပါက ကလေးသူငယ်ကျူးလွန်ခံရသူများ သို့မဟုတ် သက်သေများ သို့ ထိခိုက်နစ်နာခြင်း မဖြစ်ပေါ်စေဘဲ မည်ကဲ့သို့လုပ်ဆောင်ရမည်ဆိုသည်ကို သိရှိနားလည်သဘောပေါက်မှုသည် အလွန်အကန့်အသတ်ရှိနေသေးသည်။ နိုင်ငံတကာ ရာဇဝတ်မှု /ပြစ်မှု၊ လူ့အခွင့်အရေး နှင့် လူသားခြင်းဆိုင်ရာ စာနာထောက်ထားမှု ဥပဒေအောက်တွင် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု နှင့် အခြားပြစ်မှုများ နှင့် ချိုးဖောက်ကျူးလွန်ခြင်းများကိုတားမြစ်ထားပြီး

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

တနည်းအားဖြင့် ကလေးသူငယ်များအကြောင်းအရာလည်း ပါဝင်နေသည်။ **လုပ်ထုံးလုပ်နည်းနှင့်ကျင့်ဝတ်များ အခန်းတွင်** ဤ ခေါင်းစဉ်ပါဝင်နေပြီး ၎င်းကို သက်သေခံမှတ်တမ်းများပြုစုခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းစဉ်များတွင် အသိပညာ၊ ကျွမ်းကျင်မှု နှင့် အရင်းအမြစ်များ လိုအပ်သည်ဖြစ်ရာ လက်ရှိကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်တည်ရှိနေသော ဝန်းကျင်အခြေအနေများတွင် ကလေးသူငယ်များကို သင့်တင့်လျောက်ပတ်စွာ တိုက်ရိုက်ပါဝင်ပတ်သက်စေရန် အချက်ပြခြင်းတခုဟူ၍ မှားယွင်းစွာ မယူဆစေလိုပါ။

လုပ်ထုံးလုပ်နည်းနှင့်ကျင့်ဝတ်များ အခန်း ၁၆ နှင့်အတူ ၎င်းနှင့် သက်ဆိုင်သည့် ဤ သင်တန်း သင်ရိုးသင်ခန်းစာကို အထက်တွင်ဖော်ပြထားသည့် အကြံပေးမှတ်စုများအရ ဖတ်သားရန်ဖြစ်ပြီး ဖော်ပြပါအခန်းတွင် ပါဝင်သည့် အကြံပေးမှတ်စုများသည် သတိပေးချက်များကို လုံလောက်စွာအလေးပေးဖော်ပြရန် လိုအပ်ချက် ရှိကောင်းရှိနိုင်သည်။

သို့ဖြစ်သောကြောင့် သင်တန်းဆရာများသည် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု နှင့် အခြားပြစ်မှုများ နှင့် ချိုးဖောက်ကျူးလွန်ခြင်းများကို တားမြစ်ခြင်း နှင့် တနည်းအားဖြင့် ကလေးသူငယ်များပါဝင်ပတ်သက်နေမှုများကို သက်သေခံမှတ်တမ်းပြုစုခြင်းနှင့်စုံစမ်းစစ်ဆေးခြင်းများ၏ အရေးကြီးပုံကို အထူးအလေးပေးဖော်ပြရန်ဖြစ်သော်လည်း လုပ်ငန်းစဉ်အတွင်း ကလေးသူငယ်များနှင့် အပြန်အလှန်ထိတွေ့တုန့်ပြန်ဆက်ဆံရာတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များလိုအပ်သည်ကို ပေါ်လွင်စေပြီး <u>သင်တန်းသား/သူ များကို အခြားတနည်းအားဖြင့် ကလေးသူငယ်များ ပါဝင်သည့် ပြစ်မှုများ နှင့် ချိုးဖောက်ကျူးလွန်ခြင်းများကို သက်သေခံမှတ်တမ်းပြုစုခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းကို ၎င်းတို့အနေဖြင့် လုပ်ဆောင်သင့်သည်၊ လုပ်ဆောင်နိုင်သည်ဟူ၍ ထင်မြင်စဉ်းစားနေသည်ကို အားမပေးကြောင်း ရှင်းလင်းစွာဖြင့်ဖော်ပြရန်ဖြစ်ပြီး ၎င်းတို့တွင် အသိပညာ၊ ကျွမ်းကျင်မှု နှင့် အရင်းအမြစ်များ ရှိပြီးမှသာလျှင်</u>

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

ပြစ်မှုများ နှင့် ချိုးဖောက်ကျူးလွန်ခြင်းများကို သက်သေခံမှတ်တမ်းပြုစုခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းစဉ်အတွင်း ကလေးသူငယ်များနှင့် အပြန်အလှန်ထိတွေ့တုန့်ပြန်ဆက်ဆံရန်ဖြစ်သည်ကို သိမြင်စေရန်ဖြစ်သည်။ သင်တန်းဆရာများမှ ပါဝင်တက်ရောက်သော သင်တန်းသား/သူများကို အားပေးတိုက်တွန်းစေလိုသည်မှာ သက်သေခံမှတ်တမ်းပြုစုခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးသောသည့် အဖွဲ့များသည် လိုအပ်သည့် အသိပညာ၊ ကျွမ်းကျင်မှု နှင့် အရင်းအမြစ်များ မရှိသေးသောအခြေအနေတွင် အဆိုပါ ပြစ်မှုများ နှင့် ချိုးဖေါက်ကျူးလွန်ခြင်းများအပေါ် *ကလေးသူငယ်များနှင့် အပြန်အလှန် ထိတွေ့တုန့်ပြန်ဆက်ဆံခြင်းများမပြုခြင်းဘဲနှင့်* ံသက်သေခံမှတ်တမ်းပြုစုခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးသည့် ဖြစ်နိုင်ခြေရှိသောနည်းလမ်းများကို ဆွေးနွေးကြစေရန်ဖြစ်သည်။

သင်ရိုးညွှန်းတမ်းပါ ဤသင်ခန်းစာအပိုင်း၏ အတိအကျသတ်မှတ်ထားသည့်မှတ်စုများ - ဤသင်ခန်းစာတွင် အထူးသဖြင့် သေချာတိကျစွာ ကိုင်တွယ်ဖြေရှင်းစေလိုသည်မှာ ကလေးသူငယ်များအပေါ် လိင်အကြမ်းဖက်ကျူးလွန်မှုကိုဖြစ်ပြီး CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ကလေးသူငယ်သားကောင်များ (ပြစ်မှုကျူးလွန်သူ ကလေးသူငယ်များကို ကိုင်တွယ်ဆက်ဆံခြင်း ကဏ္ဍနှင့်လည်း ဆက်စပ်သက်ဆိုင်သည်။) နှင့် သက်သေများကို လူတွေ့မေးမြန်းရာတွင် အသုံးဝင်သည့် နည်းပညာများအကြောင်းဖြစ်သည်။ ဤသင်ခန်းစာကို ရေးဆွဲတည်ဆောက်ထားသည်မှာ အထူးသဖြင့် အခန်း ၇ (မထိခိုက်စေပါနှင့် Do No Harm)၊ အခန်း ၉ (အစီအစဉ်ရေးဆွဲခြင်း) နှင့် အခန်း ၁၁ (လူတွေ့မေးမြန်းခြင်း) တို့၏အခြေခံသဘောတရားများအပေါ် မှီတည်ပြီး ရေးဆွဲထားကာ ကလေးသူငယ်သားကောင်များ/သက်သေများ နှင့် ထိတွေ့ဆက်ဆံချိန်တွင် အထူးအရေးတကြီး စဉ်းစားဆင်ခြင်ရန်အချက်များကို မီးမောင်းထိုး တင်ပြထားသည်။ ဤသင်ခန်းစာအပိုင်းတွင် ပါဝင်သည့် အချက်အလက်အများစုမှာ သီးခြားတည်ရှိနေသည်မဟုတ်သဖြင့်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

သင်တန်းဆရာအနေဖြင့် ယခင် သင်ခန်းစာ အပိုင်းများပါ အချက်အလက်များနှင့် လိုအပ်သကဲ့သို့ ပြန်လည်ဆက်စပ် ပို့ချပေးရန် ဖြစ်သည်။

ယခင်အစောပိုင်းတွင် ရှင်းလင်းမှတ်ချက်ပြုခဲ့ သကဲ့သို့ CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ၏ ကလေးသူငယ်သားကောင်များ/သက်သေများကို ချဉ်းကပ်ခြင်းနှင့် မေးမြန်းခြင်းတို့တွင် သတ်မှတ် ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများစွာလိုအပ်သည်ဖြစ်ရာ အနည်းအကျဉ်းသော သမ္မာရင့် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု စုံစမ်းစစ်ဆေးသူများတွင်သာ ဤအရည်အချင်းများ ရှိသည်။ ဤသည်မှာ အထူးပြဿနာတစ်ရပ်ဖြစ်ပြီး၊ မထင်မှတ်ဘဲကျရောက်နိုင်သော အန္တရာယ်များနှင့်ပြန့်ကျဲရှုတ်ထွေးလျက်ရှိပြီး အထူးသဖြင့် အရင်းအမြစ်များအကန့်အသတ်ရှိနေသည့် ဝန်းကျင်အခြေအနေများတွင်ဖြစ်သည်။ ဤပတ်ဝန်းကျင်အခြေအနေများတွင်ပါဝင်သည်များမှာ ပဋိပက္ခများ သက်ရောက်ခဲ့သည့် ဆက်စပ်နောက်ခံအကြောင်းများကြောင့် ကလေးသူငယ်များအတွက် ကျန်းမာရေး၊ လူမှုစိတ်ကျန်းမာရေး သို့မဟုတ် အခြားအကူအညီအထောက်အပံ့ပေးသည့် လုပ်ငန်းများ မရှိခြင်း သို့မဟုတ် အကန့်အသတ်ရှိခြင်းတို့သော်လည်းကောင်း၊ ကလေးသူငယ်များအတွက် မိသားစု သို့မဟုတ် အခြားလူမှုအစုအဖွဲ့များမှအညီအထောက်အပံ့ ဝန်ဆောင်မှုကွန်ယက်များအားနည်းခြင်း သို့မဟုတ် မရှိခြင်းတို့ကြောင့်ဖြစ်သည်။ ဒုက္ခသည် နှင့် ပြည်တွင်းစစ်ဘေးရှောင် နေရပ်စွန့်ခွာထွက်ပြေးသူများ ခိုလှုံရာ စခန်းများ သည် သာမန်အားဖြင့် ဤကိစ္စနှင့်စပ်လျဉ်း၍ သိသာထင်ရှားသည့် အနှောင့်အယှက် အတားအဆီးများကို ရင်ဆိုင်နေရပြီး၊ ပဋိပက္ခများအတွင်းသက်ရောက်နေသည့်ဒေသများရှိ စခန်းများပြင်ပတွင် အခြေအနေများမှာ ပိုမိုဆိုးဝါးနိုင်သည်။ သက်သေခံမှတ်တမ်းပြုစုခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်း ပဏာမခြေလှမ်းစတင်ရန် လိုအပ်သည့် အသေးစိတ်သတ်မှတ်အချက်အလက်များကြောင့် ဤကဲ့သို့သော ပတ်ဝန်းကျင်များတွင် လုပ်ဆောင်ရန် ခွင့်ပြုမည်မဟုတ်ဘဲ၊ သို့မဟုတ် အလွန်ခက်ခဲမည်ဖြစ်ပြီး၊ လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် ကောင်းမွန်မှန်ကန်စွာ

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

အကဲဖြတ်သုံးသတ်ပြီးမှ သီးခြား ကလေးသူငယ်သားကောင် တဦး သို့မဟုတ် သက်သေတဦး တို့နှင့် ဆက်သွယ်ထိတွေ့ မှုပြုလုပ်ရန်သင့်မသင့် နှင့် အသေးစိတ်စီစဉ်ရန် နှင့် အဆိုပါ သက်သေခံမှတ်တမ်းပြုစုခြင်း/မှတ်တမ်းတင်ခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းပြုလုပ်နေစဉ်ကာလအတွင်း ဆက်သွယ်ထိတွေ့ဆက်ဆံမည့် ကလေးသူငယ်များကို လုံလောက်သည့် အကာအကွယ်နှင့်စောင့်ရှောက်ပြုစုမှုများရရှိနိုင်မှုအပေါ် အကဲဖြတ်ရမည်။ သင်တန်းဆရာအနေဖြင့် ပါဝင်တက်ရောက်သူ သင်တန်းသား/သူများအကြား ဆွေးနွေးတိုင်ပင်မှုတခုပြုလုပ်ရန် ပြင်ဆင်ထားရမည်မှာ ကလေးသူငယ်များသည် အရွယ်ရောက်လူကြီးများထက် အားထားရမှုနှင့် ယုံကြည်စိတ်ချရမှု တို့တွင် ပိုမိုအားနည်းသည်ဟူသည့်အဆိုကိုဖြစ်သည်။ အရွယ်ရောက်လူကြီးများနည်းတူ ကလေးသူငယ်များသည် အလွန်ကောင်းမွန်စိတ်ချအားထားရသည့် သက်သေခံအချက်အလက်များကို ပေးစွမ်းနိုင်သည်။ အရွယ်ရောက်လူကြီးများထံမှနည်းတူ ကလေးသူငယ်များထံမှ သတင်းအချက်အလက်များကို နှိုက်ယူရာတွင် သက်သေခံမှတ်တမ်းပြုစုသူ/မှတ်တမ်းတင်သူ သို့မဟုတ် စုံစမ်းစစ်ဆေးသူ ၏အရည်အချင်း အားဖြင့် လူတွေ့မေးမြန်းချိန်တွင် အခြေအနေကို လိုအပ်သည့်အလျောက် ပြင်ဆင်ထားမှုသည် အလွန်အရေးကြီးသည်။

ဤသင်ရိုးအပိုင်းကို သင်ကြားပို့ချပေးသည့် သင်တန်းဆရာသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ခံစားခဲ့ရသည့် ကလေးသူငယ် နှင့် သက်သေများကို စုံစမ်းစစ်ဆေးလူတွေ့မေးမြန်းသည့် အတတ်ပညာဆိုင်ရာကျွမ်းကျင်ပညာရှင် အဖြစ်၊ *အထူးသဖြင့် အရင်းအမြစ်များအကန့်အသတ်ရှိပြီး ဒေသဆိုင်ရာ ဆက်စပ်နောက်ခံအခြေအနေများအပေါ်* တို့တွင် အတွေ့အကြုံရှိသူဖြစ်ရမည်ဖြစ်သည်။ ၎င်းတို့သည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုခံစားခဲ့ရသူ ကလေးသူငယ်သားကောင်များ/သက်သေများကို ထိရှမှုကင်းစွာဖြင့် လူတွေ့မေးမြန်းမှု နည်းပညာဆိုင်ရာ အထူးပြုအရည်အချင်း နှင့် ကျွမ်းကျင်မှုရှိပြီး အတွေ့အကြုံရှိသည့်သင်တန်းဆရာ ဖြစ်ရမည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

သင်တန်းဆရာမှ ဤသင်ရိုးအပိုင်းတွင် ပါဝင်တက်ရောက်သူ သင်တန်းသား/သူများကို ကြိုတင်၍ပွင့်လင်းစွာရှင်းပြထားရမည်မှာ ဤသင်ရိုးအပိုင်း၏ ရည်ရွယ်ချက်သည် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ခံစားခဲ့ရပြီး ရှင်သန်ကျန်ရစ်သည့် ကလေးသူငယ် များ နှင့် သက်သေများကို ချဉ်းကပ်ပြီး လူတွေ့မေးမြန်းခြင်း သို့မဟုတ် သက်ဆိုင်ရာသို့ ရည်ညွှန်းလွှဲပြောင်းပေးရာတွင် အထောက်အကူဖြစ်စေမည့် အခြေခံနိယာမသဘောတရားများကို မီးမောင်းထိုး သင်ကြားပေးခြင်းသာဖြစ်ပြီး ဤသည်မှာ ပါဝင်သူ သင်တန်းသား/သူများအနေဖြင့် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု သားကောင်များ/သက်သေများကို လူတွေ့တွေ့ဆုံမေးမြန်းရန် သို့မဟုတ် အပြန်အလှန်တုန့်ပြန်ဆက်သွယ်ဆက်ဆံရန် လုံလောက်သည့် နည်းပညာနှင့် ကျွမ်းကျင်မှုကို ပေးအပ်နိုင်မည်မဟုတ် ဆိုသည်ကိုဖြစ်သည်။ အတွေ့အကြုံမရှိသေးသည့် သင်တန်းသား/သူများသည် ဤသင်ရိုးအပိုင်းကို သင်ယူပြီးသည်နှင့် ရရှိသင်ခန်းစာ နှင့် သင်တန်းဆရာတို့ထံမှ ဤအထူးပြုအလုပ်ကို တာဝန်ယူလုပ်ကိုင်နိုင်သည်ဟူ၍ အားပေးမှုပြုကြောင်း မထင်မှတ်စေလိုပါ။

သင်တန်းဆရာမှ မီးမောင်းထိုး အလေးပေး သင်ပြပေးရန်မှာ ကလေးသူငယ်များသည် တထပ်တည်းကျသည့် အုပ်စုမဟုတ်ဘဲ အသက်အရွယ်အလိုက် ထိရှလွယ်သည်ဖြစ်သည့်အလျောက် ထည့်သွင်းစဉ်းစားရမည်မှာ အလွန်အသက်ငယ်သေးသူကလေးသူငယ်များနှင့် အပြန်အလှန်ဆက်ဆံ လူတွေ့မေးမြန်းရာတွင် လိုအပ်သည့်ကျွမ်းကျင်မှုသည် ဆယ်ကျော်သက်အရွယ်ကလေးများနှင့် ဆက်ဆံရာတွင် လိုအပ်သည့် ကျွမ်းကျင်မှုတို့ မတူညီကြောင်းဖြစ်သည်။ ထို့အပြင် ယောကျ်ားလေးများကိုလူတွေ့မေးမြန်းခြင်း နှင့် မိန်းကလေးများ တို့ကို လူတွေ့မေးမြန်းခြင်း တို့သည် မတူညီကြဘဲ ထည့်သွင်းစဉ်းစားရန်လိုအပ်သော ခြားနားသည့်အချက်များမှာ ဆက်လက်သင်ကြားပို့ချပေးမည့် အခန်း ၁၇ တွင်ရေးဆွဲထားသည့် (အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ်ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု) သင်ခန်းစာတွင် ပါဝင်မည်ဖြစ်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

ပါဝင်တက်ရောက်သူ သင်တန်းသား/သူများအတွင်းမှ အသက်မွေးဝမ်းကြောင်းအားဖြင့် နှင့် ကျင့်ဝတ်နှင့်အညီ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ထိခိုက်ခံစားခဲ့ရသောကလေးသူငယ်သားကောင်များ/သက်သေများ နှင့် လူတွေ့မေးမြန်းမှုသော်လည်းကောင်း တနည်းအားဖြင့် အပြန်အလှန် တုန့်လှယ်ဆက်ဆံရေးပြုလုပ်လိုလျှင် ကလေးသူငယ် အသက်အရွယ်အလိုက် သင့်တော်သော နောက်ထပ် ကျွမ်းကျင်အတတ်ပညာသင်တန်း နှင့်/သို့မဟုတ် သင်ကြားညွှန်ပြသူဆရာထံမှ သင်ယူခြင်းကို ရယူရန်ဖြစ်သည်။ အဆိုပါ သင်တန်း/လမ်းညွှန်ဆရာထံမှသင်ယူခြင်းတို့တွင်အရေးကြီးသည့် လက်တွေ့အသုံးချအစိတ်အပိုင်းတခု ပါဝင်ရမည်ဖြစ်ပြီး၊ ၎င်းတွင်ပါဝင်နိုင်သည်မှာ အခြေအနေတရပ်တွင် ဖြစ်စဥ်နှင့်လျှော်ညီအောင်သရုပ်ဆောင်စေခြင်းများ နှင့်အတူ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသူ သက်ဆိုင်ရာအသက်အရွယ်အလိုက် ကလေးသူငယ်သားကောင်များ/သက်သေများနှင့် လူတွေ့မေးမြန်းမှုများတွင် လေ့လာသူအဖြစ် ပါဝင်စေရန်ဖြစ်သည်။

သင်တန်းဆရာမှ ပါဝင်တက်ရောက်သော သင်တန်းသား/သူများကို မေးမြန်းရန်မှ ၎င်းတို့အတွင်း မည်သည့် တစုံတဦးသည် ကလေးသူငယ်များနှင့် အတူ အလုပ်လုပ်ကိုင်ဖူးသည့် အတွေ့အကြုံရှိပြီး (ထို့အပြင်၊ ရှိခဲ့သည် ဆိုခဲ့သော်၊ မည်သည့်အသက်အရွယ်အုပ်စု) နှင့် ၎င်းတို့သည် သေချာစွာလေ့ကျင့်ပေးထားသူများဖြစ်ပြီး ကလေးသူငယ်များနှင့် လူတွေ့မေးမြန်းရန် သို့မဟုတ် အပြန်အလှန်တုန့်ပြန်ဆက်ဆံရန် လုံလောက်သည့် အတွေ့အကြုံရှိပြီးဖြစ်ကြောင်းကို *တာဝန်ခံမှုရည်ရွယ်ချက်များ* အလို့ငှာ မည်ကဲ့သို့ သင်ယူခဲ့ရကြောင်း မေးမြန်းရန်ဖြစ်သည်။ အကြောင်းအားလျော်စွာ၊ ဤကဲ့သို့သော ပါဝင်တက်ရောက်သူသင်တန်းသား/သူများကို ၎င်းတို့၏ အတွေ့အကြုံများအကြောင်း အဖွဲ့အတွင်းမျှဝေပေးရန် အားပေးတိုက်တွန်းပြီး၊ ၎င်းတို့ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများ နှင့် ၎င်းတို့အသုံးပြုခဲ့ပြီး အသုံးတည့်ခဲ့သည့် ချဉ်းကပ်ပုံနည်းလမ်းများ အပါအဝင် နှင့် လုပ်ထုံးလုပ်နည်းနှင့်ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်သည် ၎င်းတို့၏လုပ်ငန်းခွင်အတွင်းတွင် မည်သို့ အထောက်အကူပြုမည်ဆိုသည်ကို စဉ်းစားစေရန်ဖြစ်သည်။ သင်တန်းဆရာအနေဖြင့် ဤဆွေးနွေးမှုကို

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

သတိကြီးစွာထားပြီး ကြားဝင်စေ့စပ်သူအဖြစ်ဦးဆောင်ပါဝင်ကာ အထူးပြုအသိပညာ နှင့် ကျွမ်းကျင်မှုမရှိဘဲနှင့် လက်တွေ့ကျင့်သုံးအသက်မွေးသူတဦးသည် ကလေးသူငယ်များကို လူတွေ့မေးမြန်းခြင်း သို့မဟုတ် တမျိုးတနည်းအားဖြင့် အပြန်အလှန် တုန့်ပြန်ဆက်သွယ်မှုပြုလုပ်ခြင်း သည် သင်တန်းသားများအကြားတွင် လုပ်ဆောင်နိုင်သည် သို့မဟုတ် လုပ်ဆောင်သင့်သည်ဟူသည့် ထင်မြင်ချက်မျိုးမဖြစ်ပေါ်စေရန်မှာ တာဝန်ခံမှုဆိုင်ရာ ရည်ရွယ်ချက်အလို့ငှာဖြစ်ပြီး (ဤသည်မှာ ကလေးသူငယ်များနှင့် အလုပ်လုပ်ကိုင်ရာတွင် ကလေးသူငယ် အကာအကွယ်ပေးရေး၊ စောင့်ရှောက်မှုပေးခြင်း နှင့် လူသားခြင်းစာနာမှုဆိုင်ရာ အကြောင်းများ) တို့နှင့် မတူကွဲပြားပြီး ထူးခြား၍ဖြစ်သည်။

အခန်း ၇ (မထိခိုက်စေပါနှင့် Do No Harm)၊ အခန်း ၉ (အစီအစဉ်ရေးဆွဲခြင်း) နှင့် အခန်း ၁၁ (လူတွေ့မေးမြန်းခြင်း) တို့တွင် တင်ပြခဲ့သည့် အထွေထွေ နိယာမ သဘောတရားများသည် အသက်အပိုင်းအခြားမရွေး၊ ကျား/မ gender လိင် မရွေး CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု သားကောင်များ/သက်သေများ အားလုံးနှင့် သက်ဆိုင်ပြီး၊ သင်တန်းဆရာအနေဖြင့် ယခင်ပြသခဲ့သော အချို့သော နီးနွယ်ဆက်စပ်သည့် ရုပ်ပုံslide ချပ်များကို သင့်လျော်သလို ပြန်လည် ရည်ညွှန်းပြသလိုသည့် ဆန္ဒ ရှိကောင်းရှိမည် ဖြစ်သည်။ ထိုသို့ဆိုသည်မှာ ကလေးသူငယ် ရှင်သန်ကျန်ရစ်သူများ/သားကောင်များ နှင့် ပတ်သက်ဆက်ဆံခြင်းသည် သက်ကြီးပိုင်း သားကောင်များနှင့် ပတ်သက်ဆက်ဆံခြင်းနှင့် အမျိုးမျိုးသော အဆင့်တိုင်းတွင် မတူကွဲပြားထူးခြားပြီး ထည့်သွင်းတွက်ချက်ရန်မှာ နောက်ထပ်ထည့်သွင်းစဉ်းစားသည့်အချက်များ နှင့် ရှေ့ဆက်လုပ်ဆောင်ရာတွင် အထူးသဖြင့် သိမ်မွေ့စွာတုန့်ပြန်နိုင်ရန်၊ ဂရုစိုက်စောင့်ရှောက်ခြင်း နှင့် ကျွမ်းကျင်မှုများအားဖြင့် မည်သည့်နောက်ထပ်နစ်နာမှုများ မဖြစ်ပေါ်စေရန် သေချာစွာလုပ်ဆောင်ထားပြီးဖြစ်သည်ကို အောက်တွင် ဆက်လက် ဆွေးနွေးထားသည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

ဤသင်ရိုးအပိုင်း ၏ ပထအခန်းတွင် ကလေးသူငယ်များအပေါ်ကျူးလွန်သည့် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ပုံစံများနှင့် နယ်ပယ်အတိုင်းအတာ တို့နှင့် သက်ဆိုင်ပတ်သက်သည်။ (slide ၃-၆)။ အခြေအနေအရပ်ရပ်အားလုံးတွင် ကလေးသူငယ်များသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကာကွယ်နိုင်ရန်အားနည်းချက်ရှိခြင်းမှာ ၎င်းတို့၏ ရှိရင်းစွဲ အသက်၊ ခန္ဓာကိုယ်အရွယ်အစား တို့နှင့် ဆက်နွယ်ပြီး အင်အားမညီမျှမှုကြောင့်ဖြစ်ကာ ပဋိပက္ခ နှင့် နေရပ်စွန့်ခွာရသည့် အခြေအနေများတွင် ပိုမိုမြင့်မားသော အန္တရာယ်နှင့် ကြုံတွေ့နိုင်ခြင်းမှာ မိသားစု နှင့် လူမှုအစုအဖွဲ့၏ အကာအကွယ်ဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများ ပျက်ပြားသွားချိန်ဖြစ်သည်။ သင်တန်းဆရာမှ မီးမောင်းထိုးအသားပေးရှင်းပြသင့်သည်မှာ ကလေးသူငယ်များအပေါ်ကျူးလွန်သည့် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု အတိုင်းအတာ အပြည့်အစုံကိုပုံဖေါ်ရရှိရန်ခက်ခဲသည်မှာ CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ဒေတာအချက်အလက်များသည် မကြာခဏဆိုသလို အသက်အရွယ်အလိုက် ခွဲခြားကာ ပေါင်းစုထားခြင်းမဟုတ်သဖြင့် ထိခိုက်ခံစားရသူ သားကောင်များအကြားတွင် မည်သူတို့သည် အသက် ၁၈ နှစ် အောက် သို့မဟုတ် အသက် ၁၈ နှစ် အထက် ဆိုသည်ကို ခွဲခြားသိနိုင်ရန် မဖြစ်နိုင်ပါ။ ထို့အတူ၊ တိုင်ကြားမှုမရှိသည့်ကိစ္စများကြောင့် ရရှိနိုင်သည့် စာရင်းအင်းများသည် အမှန်တကယ်ဖြစ်စဉ်များ၏ အစိတ်အပိုင်းတခုကိုမျှသာ ကိုယ်စားပြုမည်ဖြစ်သည်။ ကလေးသူငယ်များအပေါ်ကျူးလွန်သည့် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု နှင့်သက်ဆိုင်သည့် ဒေတာအချက်အလက်များ ယေဘူယျအားဖြင့် ရှားပါးသော်လည်း - အထူးသဖြင့် ယောကျ်ားလေးများနှင့် စပ်လျဉ်း၍ လုံး၀ မရှိသကဲ့သို့ဖြစ်နေစေကာမူ - အချို့သော သုတေသန များမှညွှန်ပြနေသည်မှာ အချို့သော ဆက်စပ်နောက်ခံအကြောင်းများတွင် ၅၀ မှ ၇၀ ရာခိုင်နှုန်းမျှသော ကလေး သူငယ်များသည် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု သားကောင်များအဖြစ် ပါ၀င်နေကြသည်။ ဤသည်၏ အဓိပ္ပါယ်မှာ သက်သေခံမှတ်တမ်းတင်ရန် ကြိုးပမ်းအားထုတ်မှုတခုသည် စတင်သည့်အချိန်မှစ၍ ကလေးသူငယ်များကို သားကောင်များအဖြစ်မှ မသိကျိုးကျွန်ပြုခြင်းသည်

© နိုင်ငံတကာ ရာဇ၀တ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

ထက်ဝက်ကျော်ထက်မကများသော အမှန်တကယ်ထိခိုက်ခံစားခဲ့ရသည့် သားကောင်များအတွက် တရားမျှတမှုနှင့် ပြန်လည်ကုစား ပေးလျော်ခွင့် reparation များကိုလက်လှမ်းမှီနိုင်စေရန် ငြင်းပယ်ခံရခြင်း ဖြစ်နိုင်ခြေရှိသည်။ ထို့ကြောင့် သင်တန်းတွင် ပါဝင်တက်ရောက်နေသူများအနေဖြင့် ရှင်သန်ကျန်ရစ်သူ ကလေးသူငယ်များအတွက် တရားမျှတမှုကို တိုးမြှင့်လက်လှမ်းမှီနိုင်စေနိုင်သည့် အနေအထားတရပ်တွင် ရောက်ရှိနေသော်လည်း - ကျွမ်းကျင်မှုနှင့်အတူ ဂရုတစိုက် ကိုင်တွယ်နိုင်မှသာလျှင် ဖြစ်နိုင်မည်။

သင်တန်းဆရာမှ ပါဝင်တက်ရောက်သူ သင်တန်းသား/သူများကို မေးရန်မှာ မည်သည့်အမျိုးအစားနှင့် အတန်းအစားများမှ ကလေးသူငယ်များသည် အထူးသဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ခံရရန် အားနည်းချက်ရှိသနည်း ဟူ၍မေးရန် (ဥပမာအားဖြင့်၊ လက်နက်ကိုင်အုပ်စုများနှင့် နှီးနွယ်ဆက်စပ်နေသည့် ကလေးသူငယ်များ၊ ကလေးသူငယ်ဒုက္ခသည်များ သို့မဟုတ် ၎င်းတို့၏မိသားစုများ နှင့် ကွဲကွာသွားသည့်နေရပ်စွန့်ခွာထွက်ပြေးသူ ကလေးသူငယ်များ၊ ကလေးသူငယ်ဦးစီးသည့် အိမ်ထောင်စုများတွင် နေထိုင်သည့်ကလေးသူငယ်များ၊) နှင့် ကလေးသူငယ်များအပေါ်ကျူးလွန်သည့် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ပြစ်မှုများ ဖြစ်ပွားနိုင်ကြောင်းညွှန်ပြနေသည့် အခြေအနေများ (ဥပမာ၊ ကလေးသူငယ်အိမ်ထောင်ပြုခြင်း၊ ဖမ်းဆီးချုပ်နှောင်ထားခြင်း သို့မဟုတ် ကလေးသူငယ်များကို တပ်သားသစ်စုဆောင်းခြင်း၊ စသည်တို့သည် အရွယ်ရောက်ပြီးသူ လူကြီးများ နှင့် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်ပွားနိုင်သည့် နေရာများအဖြစ် အန္တရာယ်ကိုကြိုတင်သတိပေးချက်များဖြစ်သည်။) ထို့အပြင် သင်တန်းဆရာမှ အလေးထားဖော်ပြရန်မှာ ဆယ်ကျော်သက် မြီးကောင်ပေါက် မိန်းကလေးများသည် ဆက်စပ်နောက်ခံအခြေအနေအများစုတွင် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု သားကောင်အများစုအဖြစ်ကိုယ်စားပြုနေသော်လည်း၊ မိန်းကလေးယ်များ နှင့် အသက်အရွယ်မရွေး ယောက်ျားလေးများ၊ ရင်ခွင်ပိုက်အရွယ်ကလေးငယ်လေးများအပါအဝင် တို့သည် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

သားကောင်များဖြစ်နေကောင်းဖြစ်နေနိုင်သည် (ဥပမာအားဖြင့် အာဖဂန်နစ္စတန်တွင် "ဘာချာ ဘာဇီ" "bacha bazi" ဟူသော အလေ့အထ သည် ယောက်ျားလေးများအပေါ် အမျိုးသားယောက်ျားများက လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းတွင် ယောက်ျားကလေးသူငယ်များကို အထူးသဖြင့်ပစ်မှတ်ထားခြင်း၊ အချို့သော ရိုးရာဝတ်ပြု အလေ့အထများတွင် အပျိုစင်များနှင့် လိင်ဆက်ဆံလျှင် စစ်သည်များအတွက် "ကျည်ကာ" ဖြစ်စေသည် သို့မဟုတ် ကံကောင်းစေသည်ဟူသော အယူဝါဒ အပေါ်အခြေပြု၍ ဆယ်ကျော်သက်မတိုင်မီအရွယ် မိန်းကလေးငယ်များကို အထူးသဖြင့် ပစ်မှတ်ထားကြသည်။)

ပြစ်မှုကျူးလွန်သူများအထဲတွင် လက်နက်ကိုင်တပ်ဖွဲ့များနှင့် အုပ်စုများမှ အဖွဲ့ဝင်များသာ ပါဝင်နိုင်သည်မကဘဲ၊ ငြိမ်းချမ်းရေးထိမ်းသိမ်းရေးတပ်ဖွဲ့ဝင်များ နှင့်အတူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးလုပ်သားများ နှင့် အခြားအရပ်သားများ၊ မိသားစုဝင်များ နှင့် အသိအကျွမ်းများ အပါအဝင် အခြား (ပိုပြီးအသက်ကြီးသော) ကလေးသူငယ်များပါ ပါဝင်နိုင်သည်။ အတိုချုပ်ဆိုရသော်၊ မိသားစု သို့မဟုတ် လူမှုအစုအဖွဲ့၏အခြားသော အကာအကွယ်ပေးမှုများမရှိသည့် ကလေးသူငယ်များသည် ၎င်းတို့၏ အုပ်ထိမ်းသူများ၊ ကလေးထိန်းများ နှင့် စောင့်ရှောက်သူများအပါအဝင် အားလုံးနီးပါးသော မည်သူ့ထံမှမဆို၊ လိင်ပိုင်းဆိုင်ရာအပါအဝင် အခြားသော ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများခံရရန် ပစ်မှတ်များဖြစ်လာနိုင်သည်။ (ဤသည်မှာ သက်သေခံမှတ်တမ်းပြုစုသူများ နှင့် စုံစမ်းစစ်ဆေးသူများသည် ကလေးသူငယ်များနှင့် ဖြစ်နိုင်ဖွယ်အလားအလာရှိသောဆက်စပ်ပတ်သက်လုပ်ကိုင်မှုအတွက် အစီအစဉ်ရေးဆွဲသည့်အချိန်တွင် ထည့်သွင်းကြည့်ရှုထားရမည့် အရေးကြီးသော ကိစ္စရပ်ဖြစ်သည်။)

CARSV ပဋိပက္ခ၊ ရက်စက် ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင် အကြမ်းဖက်မှု၏ ကလေးသူငယ်များအပေါ်သက်ရောက်မှုအကြောင်းကို ဆွေးနွေးချိန်တွင် (slide ၈)၊ သင်တန်းဆရာအနေဖြင့်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

ယခင် ပြသခဲ့သည် အခန်း ၂ (လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း)တွင်ပါရှိသော slide အချို့ကို ပြန်လည်ညွှန်းဆိုလိုကောင်းလိုမည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ခံစားခဲ့ကြရသည့် ကလေးသူငယ်များသည် လူကြီးများကဲ့သို့ပင် ကိုယ်ခန္ဓာ၊ စိတ်ဓာတ်ရေးရာ နှင့် လူမှု-စီးပွား အကျိုးဆက်များကို အမြဲလိုလိုကြုံတွေ့ကြရသည့်အပြင် ပိုမိုထင်ရှားသော သို့မဟုတ် ပိုမိုပြင်းထန်သော ထိခိုက်မှုကို ခံစားကြရခြင်းမှာ ၎င်းတို့၏ ကိုယ်ခန္ဓာအရွယ်အစား၊ အသက်၊ စိတ်ဖွံ့ဖြိုးမှု အဆင့် နှင့် လူမှုပတ်ဝန်းကျင် (ဥပမာ၊ ပိုမိုပြင်းထန်သော ထိခိုက်ဒဏ်ရာများကြောင့် အသက်အန္တရာယ်ပိုမိုကြီးမားခြင်း၊ ဂုဏ်သိက္ခာထိပါးမှုကြောင့် သတ်ဖြတ်ခံရခြင်း/သတ်သေခြင်း၊ နှိပ်စက်ညှင်းပန်းမှုကိုပုံမှန်ကဲ့သို့ ထင်မှားခံစားခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း/ယုံကြည်ရန် မတတ်နိုင်တော့ခြင်း၊ ပညာရေးဆုံးရှုံးမှုကြောင့်ဆင်းရဲမွဲတေမှုစက်ဝန်းတွင်းကျဆင်းရန်အစပျိုးခြင်း)။

slide ၉-၁၀ တို့သည် ကလေးများအပေါ်ကျူးလွန်သော CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု နှင့် အခြားမှုခင်း များကိုကိုင်တွယ်ရာတွင် အသုံးပြုနိုင်သော ဥပဒေဆိုင်ရာ နှင့် လုပ်ထုံးလုပ်နည်းများကိုလွှမ်းခြုံဖော်ပြထားသည်။ အဓိက သိရှိစေလိုသည့်သတင်းစကားမှာ CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ခံစားခဲ့ရသည့် အခြားသားကောင်များနည်းတူ၊ ကလေးသူငယ်များသည်လည်း တရားမျှတမှုနှင့် ပြန်လည်ကောင်းမွန်လာစေရန်ပြုပြင်ပေးမှု ကို ရရှိရန် အခွင့်အရေးရှိသင့်ပြီး ဤကဲ့သို့သောလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ခြင်းအားဖြင့် လုပ်ပိုင်ခွင့်အာဏာများကို လွှဲပြောင်းရယူနိုင်ကောင်းရယူနိုင်မည်ဖြစ်သော်လည်း၊ ဤကဲ့သို့သော *အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ပါဝင်ပတ်သက်နေသော ကလေးသူငယ်များအပေါ် ထိခိုက်နစ်နာစေမှုမရှိစေမှသာလျှင်* အမှန်တကယ်ပြီးမြောက်ဆောင် ကျဉ်းနိုင်မည်ဖြစ်သည်။ သင်တန်းဆရာမှ သုတေသနလုပ်သင့်သည်မှာ လက်နက်ကိုင် တပ်ဖွဲ့များ သို့မဟုတ် အုပ်စုများ မှ အဖွဲ့ တခုခုကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များ နှင့် လက်နက်ကိုင် ပဋိပက္ခ ဆိုင်ရာ

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

နှစ်ပတ်လည်အစီရင်ခံစာတွင် စာရင်းပြုစုထားခြင်းရှိမရှိ ဆိုသည်နှင့် အခြား ကလေးသူငယ်ဆိုင်ရာ အထူးပြုအစီရင်ခံစာ သို့မဟုတ် ညှိနှိုင်းဆောင်ရွက်သည့်နည်းလမ်းများသည် သင်တန်းသား/သင်တန်းသူများ အလုပ်လုပ်ကိုင်နေသည့် နိုင်ငံ/နိုင်ငံများအတွင်း ရှိမရှိဆိုသည်တို့ဖြစ်သည်။ အကြောင်းအားလျော်စွာ၊ သင်တန်းဆရာမှ ပါဝင်တက်ရောက်သော သင်တန်းသား/သူများကို မေးမြန်းသင့်သည်မှာ ၎င်းတို့သည် ကုလသမဂ္ဂ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း နည်းလမ်း UN Monitoring and Reporting Mechanism (MRM) နှင့် အကျွမ်းတဝင်ရှိမရှိ ဆိုသည်နှင့် ကောက်ယူသော ဒေတာအချက်အလက် အမျိုးအစားများ အကြောင်းရှင်းပြပြီး ဤကဲ့သို့သော သတင်းအချက်အလက်များသည် ကလေးသူငယ်များအပေါ်ကျူးလွန်သည့် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှုများကို သက်သေမှတ်တမ်းတင်ချိန်တွင် မည်သို့ အသုံးတည့်နိုင်သည်ကို ရှင်းပြရမည်။

သင်ရိုးအပိုင်း၏ နောက်အခန်း (slide ၁၁-၂၆) သည် ethical considerations ကျင့်ဝတ်နှင့်သက်ဆိုင်သော စဉ်းစားဆင်ခြင်ရမည့်အချက်များ နှင့်သက်ဆိုင်ပြီး အကာအကွယ်ရရှိရန် လိုအပ်ချက်များကို မည်သို့ လေ့လာချင့်ချိန်တွက်ဆမည်နည်း ဆိုသည့် လမ်းညွှန်ချက်ကို၊ ကလေးသူငယ်တဦး၏ လုပ်ကိုင်နိုင်စွမ်းကို အသိအမှတ်ပြုစဉ်ခါတွင် သူ/သူမ ၏ အသက်နှင့် အရွယ်ရောက်မှုအပေါ်တွင် အခြေပြုပြီးနှင့် ၎င်းတို့၏ အခွင့်အရေးဖြစ်သော ပူးပေါင်းပါဝင်ခြင်း နှင့် တရားမျှတမှုကို လက်လှမ်းမှီနိုင်စေရန် စီစဉ်ရေးသားပေးထားသည်။ သင်တန်းဆရာမှ တိုက်တွန်းအားပေးရမည်မှာ ပါဝင် တက်ရောက်သော သင်တန်းသား/သူ များအချင်းချင်းအကြား ၎င်းတို့အနေဖြင့် ကလေးသူငယ်များသည် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှုများကို သက်သေမှတ်တမ်းတင်ခြင်းတွင် အတူ ပါဝင်သင့်ခြင်းကို ယုံကြည်ပါသည်လား၊ မည်သည့် နောက်ထပ် လိုအပ်ချက်များ နှင့် စိန်ခေါ်မှုများ ပေါ်ပေါက်လာနိုင်မည်နည်း၊ အဘယ်ကြောင့်ဤကိစ္စသည် အရေးကြီးသနည်း၊ ကလေးသူငယ်များကို အကျိုးပြုသည့် တရားမျှတမှု ယန္တယား၊ နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများ ရှိမရှိ သို့မဟုတ် ၎င်းတို့၏ ဆက်စပ်နောက်ခံ အခြေအနေပေါ်တွင် ဖြစ်တည်လာအောင်ဆောင်ရွက်နိုင်မည်လား၊တို့ကို

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

ဆွေးနွေးကြစေရန်ဖြစ်ပြီး၊ ကလေးသူငယ်များ၏ သက်သေထွက်ချက်သည် အများယုံကြည်လက်ခံနိုင်လောက်သည့် တန်ဖိုးရှိမရှိ ဆိုသည်နှင့် သင်တန်းသား/သူများ၏ ဖြစ်နိုင်ခြေရှိသည့် ယူဆချက်များကို စိန်ခေါ်မေးခွန်းထုတ်ရန်ဖြစ်သည်။

ကလေးသူငယ်များနှင့် အပြန်အလှန် တုန့်ပြန်ဆက်ဆံ အလုပ်လုပ်သည်ဆိုလျှင် မည်သူမဆို အတွက် အဓိက လမ်းညွှန် သဘောတရား အချုပ်တွင်ပါဝင်သည်မှာ *ခွဲခြားနှိမ့်ချဆက်ဆံခြင်းမပြုရန်* ဖြစ်ပြီး ကလေးတဦး၏ အကောင်းဆုံး လိုလားမှု နှင့် အဆိုပါကလေး၏ အခွင့်အရေးမှာ *၎င်းတို့ထံ သက်ရောက်မှုရှိသော အကြောင်းခြင်းရာ အားလုံးအပေါ် သူ/သူမ ၏အမြင်များကို ဖော်ပြနိုင်ခွင့်ရှိရန်နှင့် ၎င်းတို့၏အမြင်များကို နားထောင်ပေးရန် နှင့် ထည့်သွင်းစဉ်းစားပေးရန်*ဖြစ်သည်။ ဤနိယာမသဘောတရားများကို ကုလသမဂ္ဂ၏ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်တွင် အလေးထားထည့်သွင်းထားပြီး အမေရိကန်နိုင်ငံမှလွဲ၍ ကမ္ဘာ့နိုင်ငံအားလုံးနီးပါးမှ အတည်ပြုလက်မှတ်ရေးထိုးထားသည့်အပြင် အခြားနိုင်ငံတကာ စာချုပ်စာတမ်းများလည်း ရှိသည်။ ဤစာချုပ်စာတမ်းများကို သက်သေမှတ်တမ်းပြုစုခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း တို့မှ တွေ့ကြုံခဲ့ရသည့် အမျိုးမျိုးအဖုံဖုံသော အခြေအနေများအပေါ်တည်မှီပြီးရေးသားခဲ့သည်လား နှင့် - ထိခိုက်နစ်နာမှုများမဖြစ်စေဘဲ - အရင်းအမြစ်များအကန့်အသတ်ရှိနေသည့်ပတ်ဝန်းကျင်များတွင် - မည်မျှအတိုင်းအတာသော နိယာမသဘောတရားများ နှင့် တာဝန်ယူလုပ်ဆောင်နိုင်မည်ဆိုသည်ကို သင်တန်းဆရာမှ ပါဝင်တက်ရောက်သူ သင်တန်းသား/သူများကို ဆွေးနွေးရန် တောင်းဆိုစေသင့်သည်။

slide ၁၃-၂၄ တွင် အထူးသဖြင့် ကလေးသူငယ်များနှင့် အပြန်အလှန်တုန့်ပြန်ဆက်ဆံရေးလုပ်ဆောင်စဉ်တွင် ထိခိုက်နစ်နာခြင်းများ မဖြစ်ပေါ်စေရန် နှင့် လျော့ပါးသက်သာစေရန် စီမံဆောင်ရွက်ချက်များ နှင့် စဉ်းစားဆင်ခြင်ရန်အချက်များနှင့် သက်ဆိုင်သည်။ (ဥပမာ - အသိပေးအကြောင်းကြားသိရှိထားပြီးသော သဘောတူညီချက်နှင့် ခွင့်ပြုချက်၊ အထူးသဖြင့် ကလေးသူငယ်များအတွက်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

အတိအကျသတ်မှတ်ထားသောညှိနှိုင်းဆောင်ရွက်မှု နည်းလမ်းများနှင့် ယန္တယားများ၊ လိုက်နာထားရမည့်ကိစ္စရပ်များ နှင့် မိတ်ဆက်ထောက်ခံချက်များ)၊ နှင့် အခန်း ၇ တွင် လေ့လာခဲ့ပြီးဖြစ်သော ထပ်မံ ဖြည့်စွက်ထားသည့် အထွေထွေ နိယာမသဘောတရားများ ( မထိခိုက်စေပါနှင့် Do No Harm) နှင့် အခန်း ၉ (အစီအစဉ်ရေးဆွဲခြင်း) တို့ဖြစ်သည်။ သင်တန်းဆရာမှ အသားပေး/ထပ်တလဲလဲ ပြောရန် အဓိကအချက်များတွင် ပါဝင်သည်များမှာ -

(i) ကလေးသူငယ်များကို ချဉ်းကပ်ခြင်း၊ မေးမြန်းခြင်း နှင့် မိတ်ဆက်ထောက်ခံချက်ပေးခြင်းတို့အတွက် အမှန်တကယ်လိုအပ်သည်မှာ အထူးသဖြင့် သတ်မှတ်အသက်အရွယ် အသေးစိတ်အချက်အလက် ဆိုင်ရာ သင်တန်း နှင့်

(ii) ကလေးငယ်၏ကြိုတင်အကြောင်းကြားအသိပေးထားပြီးသော သဘောတူညီချက်၏အရေးကြီးမှု (အသက်ပိုကြီးသည့် ဆယ်ကျော်သက် မြီးကောင်ပေါက်များအတွက် လုံလောက်မည်ဖြစ်သည်) သို့မဟုတ် ကလေးငယ်၏ *ကြိုတင်အသိပေးအကြောင်းကြားထားပြီးသော သဘောတူခွင့်ပြုချက် informed assent* ၊ လိုအပ်ပါကနှင့် သင့်လျော်ပါက၊ သူ/သူမ ၏ မိဘ/အုပ်ထိမ်းသူ၏ ကြိုတင်အကြောင်းကြားအသိပေးထားပြီးသိရှိပြီးဖြစ်သော သဘောတူခွင့်ပြုချက် နှင့် သူ/သူမ၏ ကိုယ်ပိုင်လုပ်ပိုင်ခွင့်ကိုလေးစားပြီး သူ/သူမ လိုလားစွာနှင့် သက်သေမှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်မှု ကိုလေးစားရန် နှင့်/သို့မဟုတ် အကူအညီပေးသည့် လုပ်ငန်းများသို့ မိတ်ဆက်ထောက်ခံပေးခြင်းကိုလက်ခံခြင်းအတွက် လေးစားရန်

(iii)ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ခံစားခဲ့ရသည့် ကလေးငယ်များနှင့် ပတ်သက်ဆက်ဆံအလုပ်လုပ်ရာတွင် လိုက်နာထားရန်ကိစ္စများတွင် ပိုမိုပြီးအကန့်အသတ်ရှိနိုင်ခြင်းမှာ ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းပြဋ္ဌာန်းချက်အရ၏ မဖြစ်မနေ ရဲတပ်ဖွဲ့၊ လူမှုရေးအဖွဲ့အစည်းသို့များ သို့မဟုတ် အာဏာပိုင်များ တိုင်ကြားရန် တာဝန်များနှင့် သင့်လျော်ပါက မိဘ/အုပ်ထိမ်းသူ၏ ကြိုတင်အကြောင်းကြားအသိပေးထား၍ သိရှိပြီးဖြစ်သော သဘောတူခွင့်ပြုချက် ရရှိရန် လိုအပ်သောကြောင့်ဖြစ်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

မိဘများနှင့်အုပ်ထိမ်းသူများသည်လည်း မကြာခဏဆိုသကဲ့သို့ ၎င်းတို့၏ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်မ်ဖက်မှုကို ကျူးလွန်သူများဖြစ်နေတတ်သည် သို့မဟုတ် ၎င်းတို့၏စောင့်ရှောက်မှုအောက်တွင်ရှိသည့် အခြားသောကလေးသူငယ်များ အပေါ်တွင်လည်း ကျူးလွန်တတ်သည်။ ထိခိုက်ခံစားခဲ့ရသည့် ကလေးသူငယ်များအား ကုစားရန်ပညာရပ်ကို လက်တွေ့အသုံးချ အသက်မွေးသူများအနေဖြင့် သက်သေအထောက်အထားမှတ်တမ်းတင်ခြင်း နှင့် စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းစဉ် ကို အစီအစဉ်ရေးဆွဲစဉ်နှင့် စီမံခန့်ခွဲလုပ်ဆောင်ချိန်တွင် ဤကိစ္စကို သင့်တင့်လျောက်ပတ်စွာဖြင့် အခြေခံအကြောင်းတခုအဖြစ် မှတ်ယူလုပ်ဆောင်ရန် လိုအပ်သကဲ့သို့ ဆက်သွယ်တုန့်ပြန်အလုပ်အတူလုပ်ရန် ဖြစ်နိုင်ခြေအလားအလာရှိသော ကျူးလွန်ခံစားရသူသားကောင်များနှင့် သက်သေများကို တဦးခြင်းအပေါ် စေ့စပ်သေချာစွာဖြင့် လေ့လာသုတေသနပြုပြီး ဤကဲ့သို့သော အန္တရာယ်ရှိမရှိကို ဖေါ်ထုတ်ထားရမည်။

သင်တန်းဆရာမှ ပါဝင်တက်ရောက်သူ သင်တန်းသား/သူများအတွင်းမှ ကလေးသူငယ်များနှင့် အလုပ်လုပ်ကိုင်နေသူများကို ကလေးတဦး၏ အကောင်းဆုံး လိုလားချက်အားဖြင့် ဥပဒေစည်းမျဉ်းစည်းကမ်းအရ မဖြစ်မနေတိုင်ကြားရန်လိုအပ်သည်များကို စိမ်ခေါ်ခဲ့သည့်အကြောင်း၊ အမှုကိစ္စတခု၏ဥပမာကို မျှဝေပေးရန် မေးမြန်းတောင်းဆိုနိုင်သည်။ ဥပပဒေအရ မဖြစ်မနေတိုင်ကြားရန်လိုအပ်ချက်သည့် အစိုးရ၏ ဖွဲ့စည်းတည်ဆောက်ပုံများ နှင့် ယန္တယားများ အားနည်းသည့်နေရာများ နှင့် ဥပဒေများ သင့်လျော်စွာ အကောင်အထည်ဖေါ်သည့် အစီအမံများနှင့် လုပ်ငန်းစဉ်များအားထောက်ကူပေးမထားနိုင်သည့်နေရာများရှိလူသားခြင်းစာနာထောက်ထားအကူအညီပေး ရေးဝန်းကျင်တွင် ကျင့်ဝတ်ဆိုင်ရာ နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို မြင့်တက်စေနိုင်သည်။ လုံခြုံရေးမတည်မငြိမ်ဖြစ်နေသည့်နေရာများတွင် ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို တိုင်ကြားနိုင်သည့် အခြေခိုင်ပြီး လုံခြုံစိတ်ချရသည့် ယန္တယားနှင့် နည်းလမ်းများ မရှိနိုင်သည်ဖြစ်ရာ၊ ဥပဒေအရမဖြစ်မနေတိုင်ကြားရန်လိုအပ်ချက်မှာ ကလေးငယ်ကို နောက်ဆက်တွဲ ကွင်းဆက် အဖြစ်အပျက်များမှ ထိခိုက်နစ်နာစေနိုင်သည့်အန္တရာယ် အလားအလာအတွင်း

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

အကာအကွယ်မဲ့ ဖော်ထုတ်သကဲ့သို့ဖြစ်စေနိုင်ပြီး၊ ဤသည်မှာ ကလေးငယ်၏ အကောင်းဆုံးလိုလားချက်မဟုတ်ပါ။ (ဥပမာအားဖြင့်- တိုင်ကြားခြင်းအားဖြင့် ဥပဒေကို အကောင်အထည်ဖော်သည့် ရဲအရာရှိများ နှင့် လူမှုဝန်ထမ်း အရာထမ်းများ ကလေးငယ်၏ အိမ်သို့ ရောက်ရှိလာခြင်းကြောင့် ကလေးငယ်၏ မိသားစု သို့မဟုတ် လူမှု အုပ်စု များအတွင်း လှို့ဝှက်ထားအပ်သောကိစ္စကိုချိုးဖောက်၍ ဖော်ထုတ်လိုက်သကဲ့သို့ဖြစ်ပြီး ကလေးငယ်ကို စိတ်ဒါဏ်ရာအနာတရ ဖြစ်စေခြင်း၊ အမည်းစက်ထင် အပယ်ခံ ဘဝ အဖြစ် နှင့် သို့မဟုတ် လက်တုန့်ပြန်ခြင်းများ ခံစားရနိုင်သည့် အလားအလာများရှိသည်။) လက်တွေ့အသုံးချ သူများအနေဖြင့် ဤကဲ့သို့သော အခြေအနေ တွင် ၎င်းတို့အနေဖြင့် မည်ကဲ့သို့သော လမ်းကြောင်းအားဖြင့် ဆက်လက်ခရီးဆက်မည်နည်းဆိုသည် နှင့် ရှင်းလင်းပြတ်သားသော ကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းများအား နေရာတကျကျင့်သုံးခြင်းဖြင့် ကလေးသူငယ်သားကောင်များကို နောက်ဆက်တွဲ ထိခိုက်နစ်နာမှုများအန္တရာယ်မှ ရှောင်လွဲနိုင်ရန်အတွက် အစီအစဉ်ရေးဆွဲသည့်အဆင့်တွင် အထူးအလေးအနက် စဉ်းစားရန်လိုအပ်သည်။

slide ၂၅-၂၆ တွင် ကလေးသူငယ်များ၏ အခွင့်အရေးဖြစ်သော ပူးပေါင်းဆောင်ရွက်ခွင့်ရှိခြင်းနှင့် သူ/သူမ၏ အရွယ်ရောက်သည့်အဆင့် ကိုအခြေပြုပြီး သက်သေခံမှတ်တမ်းပြုစုခြင်းလုပ်ငန်းစဉ်တွင် ပါဝင်မည် သို့မဟုတ် မပါဝင် ဟူ၍ဆုံးဖြတ်ခြင်းသည် သက်သေမှတ်တမ်းတင်သူ၏ တာဝန်ဝတ္တရားသိစိတ်ဖြစ်သော ကလေးသူငယ်၏ လုပ်ဆောင်မှု နှင့် လုပ်ကိုင်နိုင်စွမ်းကို အရွယ်ရောက်ပြီးသူလူကြီးများနည်းတူ အချို့သောကလေးသူငယ်များသည် ၎င်းတို့၏ အဖြစ်အပျက်ကို မျှဝေသည့်အတွေ့အကြုံအားဖြင့် အမှန်တရား၊ တရားမျှတမှုနှင့် ပြန်လည်ကုစား ပေးလျော်ခွင့် reparations များအတွက် လုပ်ပိုင်ခွင့်လွှဲပြောင်းရရှိခြင်း/ခွန်အားဖြစ်စေခြင်းနှင့်၊ အခြေအနေပေးပါက၊ မှတ်တမ်းတင်သူမှ ကလေးသူငယ်များ၏ ကိုယ်ပိုင်အမြင်များနှင့် လိုလားတောင့်တချအကေက်များကိုထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ကလေးသူငယ်ကိုယ်စား မည်သည်က

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

၎င်းကလေးအတွက်အကောင်းဆုံး လိုအင်ဆန္ဒ နှင့် အကျိုးဖြစ်သည် သို့မဟုတ် မည်သည်ကအကျိုးမဖြစ်ဆိုသည်ကို ဆုံးဖြတ်ပေးခြင်းမှ ရှောင်ကျဉ်ရမည်။ အသေးစိတ်အချက်အလက်များအပေါ်မူတည်ပြီး မှတ်တမ်းတင်သူအတွက် ကလေးသူငယ်များနှင့် ထိတွေ့ဆက်ဆံအလုပ်လုပ်ရန် ခက်ခဲမည် သို့မဟုတ် မဖြစ်နိုင်ပါဆိုသည်မှာ ၎င်းတို့၏အမြင်နှင့် လိုလားတောင့်တမှုများကိုစိစစ်တွက်ချက်ခြင်းမရှိဘဲ လုပ်ဆောင်မည်ဆိုပါက ကလေးငယ်များသို့ ထိခိုက်နာကျင်စေခြင်း အမှန်တကယ် သို့မဟုတ် အလားအလာများ ဖြစ်ပေါ်လာမည်။

သင်ရိုးအပိုင်း၏နောက်ဆုံးအခန်းဖြစ်သော (slide ၂၇-၃၆) သည် <u>လက်တွေ့ ထည့်သွင်းစဉ်းစားဆင်ခြင်သုံးသတ်ခြင်းများ</u> ကိုလွှမ်းခြုံပြီး CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှု.ကလေးသူငယ် သားကောင်များ သို့မဟုတ် သက်သေများကို မေးမြန်းရန် ဆုံးဖြတ်ခြင်းမပြုမီ ထည့်သွင်းစဉ်းစားရမည်များကို ဖော်ပြထားသည်။ စဉ်းစားသင့်သည့်မေးခွန်းများတွင် ပါဝင်သည်များမှာ-

သင်သည် အဘယ်ကြောင့် အထူးသဖြင့် ကလေးသူငယ်သားကောင် သို့မဟုတ် သက်သေများ နှင့် ဆက်ဆံအလုပ်လုပ်ကိုင်ရန် လိုအပ်သည် သို့မဟုတ် ဆန္ဒရှိသည်နည်း?

သင် သို့မဟုတ် သင်၏အဖွဲ့တွင် ကလေးသူငယ်များနှင့် ထိတွေ့ဆက်ဆံအလုပ်လုပ်နိုင်ရန် လိုအပ်သော အတတ်ပညာကျွမ်းကျင်မှုများ၊ ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု နှင့် အရင်းအမြစ်များ ရှိပါသည်လား?

အကယ်၍ ရှိသည်ဆိုပါက မည်သည့်အသက်အုပ်စု ကလေးသူငယ်များကို သင့်အနေဖြင့် ချဉ်းကပ်မည်ဟု ရည်မှန်းထားပါသနည်း?

လူတွေ့မေးမြန်းသူများနှင့် စကားပြန်များသည် အဆိုပါ သတ်မှတ်အသက်အုပ်စုမှ ကလေးသူငယ်များနှင့် အပြန်အလှန်တုန့်ပြန်ဆက်ဆံရေးတွင် သင့်လျော်စွာ လေ့ကျင့်သင်ကြားထားပြီးပါပြီလား?

အသက်/ကျား-မ gender အလိုက် သင့်လျော်သကဲ့သို့မိတ်ဆက်လွဲပြောင်းပေးသည့် သင့်တော်သောလမ်းကြောင်းများကို၊ အကယ်၍ အသေအချာစစ်ဆေးသည့်အခါ လက်ရှိတွင် မရှိသေးပါက မှန်ကန်စွာ ရေးဆွဲနိုင်ပါမည်လား?

အကယ်၍ လိုအပ်ပါက သို့မဟုတ် အကြံပြုလိုသည်မှာ၊ တူညီသော သတင်းအချက်အလက် သို့မဟုတ် သက်သေအထောက်အထားများကို အခြား ရင်းမြစ်များထံမှ ရရှိနိုင်ပါမည်လား?

သင်၏ဆုံးဖြတ်ချက်များသည် ယေဘူယျ အစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ် အပေါ် မည်သည့်သက်ရောက်မှုရှိမည်နည်း?

ဤသည်မှာ နောက်ထပ်အရင်းအမြစ်များ လိုအပ်ချက်ရှိလာမည်ကို အစပျိုးသကဲ့သို့ဖြစ်မည်လား နှင့် နှီးနွှယ်သည့် ကုန်ကျစရိတ်များကို ကျခံနိုင်မည်လား (ဥပမာ- ကလေးသူငယ် အကျိုးပြု လူတွေ့မေးမြန်းရန်ပတ်ဝန်းကျင်)?

သင်တန်းဆရာမှ ပါဝင်တက်ရောက်သူ သင်တန်းသား/သူများအတွင်းမှ ကလေးသူငအလုပ်လုပ်ကိုင်ဖူးသူများကို ၎င်းတို့၏အတွေ့အကြုံများအရ ကလေးသူငယ်တဦး သက်တောင့်သက်သာ နှင့် စိုးရိမ်သောကကင်းစေရန် အသုံးတည့်သည့် နည်းစနစ်များနှင့် ချဉ်းကပ်ပုံများကို သင်တန်းသား/သူများ အုပ်စုအတွင်း (ဥပမာ - ကလေးငယ်နှင့် မျက်လုံးတတန်းတည်းထိုင်ခြင်း၊ ခြိမ်းခြောက်ဟန်/ တခန်းတနား ဟန် မရှိသည့် သဘောထား/ကိုယ်နေဟန်ထား/ကိုယ်ခန္ဓာအမူအရာ၊ ဥပဒေ ဘက်တော်သားများမှလည်း အရပ်ဝတ်များဝတ်ထားခြင်း၊ ယုံကြည်ရသည့် အထောက်အကူပေးမည့်သူရှိနေစေခြင်း၊ ရောင်စုံခဲတံများနှင့် ကစားစရာများ ရှိနေစေခြင်း၊ ရုပ်ပုံများအသုံးပြုခြင်းသည် ကလေးငယ်များကို ၎င်းတို့ဖြစ်ပျက်ခဲ့သည်များကို ပြန်လည်သရုပ်ဖော် ပြသ၊ ပြောပြရာတွင် အကူအညီဖြစ်စေသည်။ အခြားသောအုပ်စုလိုက်ဆွေးနွေးခြင်းများကဲ့သို့ပင် ပါဝင်တက်ရောက်သူ သင်တန်းသား/သူ များ ၎င်းတို့၏ ကိုယ်တွေ့ အတွေ့အကြုံများကိုပုံဖော်မျှဝေစဉ်တွင် သတိဖြင့် အလယ်မှ ကြားဝင်ထိမ်းသိမ်းပေးမှုလိုအပ်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

ကျူးလွန်ခံရသူသားကောင်ကလေးငယ်များ/သက်သေများကို အထောက်အကူပေးမည့်သူများသည် အများအားခြင့် လူတွေ့မေးမြန်းသည့်အခန်း၏ပြင်ပတွင် နေရန်ဖြစ်ပြီး ခတ္တ ရပ်နားချိန်များတွင်သာ ဝင်ရောက်အကူအညီပေးရန်ဖြစ်သည်။ လိုအပ်ပါက ၎င်းတို့သည် အပြန်အလှန်တွေ့ဆုံညှိနှိုင်းချိန် နှင့် ရှင်းပြချိန် အဆင့်တွင် (PEACE ၏ လူတွေ့မေးမြန်းခြင်းပုံစံ)သာ၎င်းတို့အခန်းတွင်းအတူတကွရှိနေနိုင်ပြီး၊ ကလေးငယ်များအတွက် အထောက်အကူဖြစ်မည်ဆိုသည့် အခြေအနေကိစ္စရပ်ရှိမှသာလျှင် (အသေအချာစစ်ဆေးပြီး) ယုံကြည်စိတ်ချရသောလူကြီးအဖေါ်ကို လူတွေ့မေးမြန်စဉ်တလျှောက်လုံး အတူရှိနေစေနိုင်သည်။ ဆိုလိုသည်မှာ၊ ၊ ဖြစ်စဉ်ကိုမေးမြန်းချိန်၊ နားလည်အောင် ရှင်းလင်းစေသည့်အချိန် နှင့် အပြီးသတ်အပိတ် အဆင့်ဆင့်တို့တွင် ကလေးများမှအပ၊ မိဘများ သို့မဟုတ် အခြားတစုံတဦးမျှ အခန်းထဲတွင် အတူရှိမနေခြင်းသည် အကောင်းဆုံးဖြစ်သည်။

slide ၃၂-၃၆ တွင် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ခံစားခဲ့ရသည့် ကလေးငယ်သားကောင်များ သို့မဟုတ် သက်သေများကို လူတွေ့မေးမြန်းပုံ နည်းပညာများအကြောင်းနှင့် သက်ဆိုင်သည်။ သင်တန်းဆရာမှ အသားပေးရန်မှာ ယေဘုယျအားဖြင့် လူတွေ့မေးမြန်းခြင်းသဘောတရားများနှင့် နည်းပညာများမှ လူကြီးများနှင့် ဆက်ဆံသည်ဖြစ်စေ သို့မဟုတ် ကလေးသူငယ်သားကောင်များ/သက်သေများ နှင့် အပြန်အလှန်ဆက်ဆံလုပ်ကိုင်ရာတွင်ဖြစ်စေ အတူတူပင်ဖြစ်ပြီး၊ အဆိုပါသဘောတရားများနှင့် နည်းပညာများကို ကလေးငယ်၏အသက် နှင့် အရွယ်ရောက်မှုတို့အလိုက် ကလေးငယ်များ၏ မှတ်ဉာဏ်၊ ၎င်းတို့သည် အယူအဆများအပေါ်နားလည်နိုင်မှု နှင့် အကျိုးသင့်အကြောင်းသင့်စဉ်းစားတွေးခေါ် သိမြင်တတ်မှု ဖွံ့ဖြိုးသည့်အခြေအနေတို့ကို ထည့်သွင်းစဉ်းစားပြီး လိုက်ဖက်အောင်ပြင်ဆင် အသုံးပြုရန်ဖြစ်သည်။ ကလေးသူငယ်များကို ခန္ဓာကိုယ်တွင်ခံစားရခြင်း နှင့် ပြင်းပြသောစိတ်ခံစားမှုများ (ဥပမာ- တဆတ်ဆတ်တုန်ရီခြင်း၊ လှုပ်ခါနေခြင်းနှင့် ငိုယိုခြင်း) များကို ဖြစ်ပေါ်ခွင့်ပေးရမည်မှာ အပျက်သဘောဆောင်သော ခံစားမှုများကို ခံယူပွားများခြင်းကို ရှောင်ရှားရန် နှင့် တဖန် ပြန်လည်ပြီး စိတ်သောကမဖြစ်စေရန်ဖြစ်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

သက်သေခံမှတ်တမ်းပြုစုသူများအနေဖြင့် ကလေးများထံမှ ဤကဲ့သို့သော တုန့်ပြန်မှုမျိုးများအတွက် အသင့်ဖြစ်နေရမည်ဖြစ်ပြီး ဤသည်တို့မှ သက်သေခံမှတ်တမ်းပြုစုသူ/မှတ်တမ်းတင်သူများကိုလည်း မည်သို့ သက်ရောက်မှုရှိနိုင်သည်ကို ပြန်လည်စဉ်စား သုံးသပ်ရမည်။

အခန်း ၁၁ (လူတွေ့မေးမြန်းခြင်း) နှင့် PEACE ပုံစံ  တို့သည် အရွယ်ရောက်ပြီးသူများ နှင့် ကလေးသူငယ်များကို လူတွေ့မေးမြန်းခြင်းများပြုလုပ်ရာတွင် အသုံးကျသည့် မူဘောင်များဖြစ်သည့်အတွက် သင်တန်းဆရာမှ ပြန်လည်ရည်ညွှန်းလိုကောင်းလိုနိုင်မည်။ ဤပညာရပ်ဖြင့် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသူများသည် ကလေးသူငယ်တဦးနှင့် အပြန်အလှန်ခင်မင်နားလည်မှုနှင့် ယုံကြည်မှုရရှိရန် အချိန် လိုအပ်သမျှ ယူရန်အတွက် သင်တန်းဆရာမှ မီးမောင်းထိုးအသားပေးပြောပြသင့်သည်။ လူတွေ့မေးမြန်းမှုကြာမြင့်ချိန်ကို ကလေးသူငယ်၏ အသက်နှင့် အခြား ဆက်စပ်သက်ဆိုင်သည့်အကြောင်းခံများအပေါ်မူတည်ပြီး ကလေးငယ် အလွန်အမင်း ပင်ပန်းခြင်းကို ရှောင်လွှဲရန်အတွက် လိုက်ဖက်အောင်ပြင်ဆင်ရမည်ဖြစ်သော်လည်း အကြမ်းဖျင်းအကြံပြုချက်များမှာ အသက် ၁၅-၁၈ နှစ်အတွက် ၁ နာရီ၊ အသက် ၁၀-၁၄ နှစ်အတွက် ၄၅ မိနစ် နှင့် အသက် ၆-၉ နှစ်အတွက် ၃၀ မိနစ်ဖြစ်သည်။ ဤပညာရပ်နယ်ပယ်တွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသူများသည် ကလေးသူငယ်တဦးကို သူ/သူမ ပွင့်လင်းစွာထုတ်ဖော်ပြောဆိုလာရန်နှင့် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ကို အကဲဖြတ်နိုင်ရန် ပထမဦးဆုံးအနေဖြင့် လိုအပ်သည့်ယုံကြည်မှုကိုတည်ဆောက်ရန် ဖြစ်သည့်အတွက် သီးခြား တွေ့ဆုံမှုတိုင်းတွင် အမှန်တကယ်လူတွေ့မေးမြန်းသူ/စကားပြန် တို့သည် တဦးတည်းဖြစ်သင့်သည်။ သင်တန်းသင်ခန်းစာ၏ အသေးစိတ် သတ်သတ်မှတ်မှတ်ရှိမှုများအပေါ်တွင်၊ သင်တန်းဆရာအတွက် အရေးကြီးမည်မှာ၊ ပါဝင်တက်ရောက်သူ သင်တန်းသား/သူများအကြား ဆွေးနွေးပွဲတခုပြုလုပ်ပြီး သင်တန်းဆရာမှ ထိမ်းကြောင်းသူအဖြစ်ဆောင်ရွက်ကာ ၎င်းတို့ သာမန်အားဖြင့် သက်သေခံမှတ်တမ်းတင်ခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်း လုပ်ဆောင်ရာတွင်၊ ထုံးစံအရ ရရှိနိုင်သည့်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

အရင်းအမြစ်များသည် လူတွေ့မေးမြန်းမှု တခုမကပြုလုပ်နိုင်ပါသည်လား၊ သို့မဟုတ် လူတွေ့မေးမြန်းမှုများ တစုံစာအတွက် လုံလောက်ပါမည်လားဆိုသည်ကို ဆွေးနွေးစေရန်ဖြစ်သည်။

သင်တန်းဆရာမှ အသားပေးဖော်ပြရန်မှာ ထိတွေ့ဆက်ဆံခြင်းနှင့် ရှင်းပြခြင်း အဆင့်တွင် လူတွေ့မေးမြန်းမှု၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကိုနှင့်အတူ လူတွေ့မေးမြန်းမှု၏ "စည်းမျဉ်းစည်းကမ်း" များကို ကလေးသူငယ်၏အသက်နှင့် အရွယ်ရောက်ရင့်ကျက်ခြင်းအဆင့်ကိုလိုက်၍ သင့်လျော်သည့်စကားလုံးများကိုအသုံးပြုပြီး ရှင်းပြသင့်သည် (ဥပမာ- ကလေးသူငယ်မှ အမှန်ကိုသာပြောပြရန်၊ အကယ်၍ ၎င်းတို့ နားမလည်လျှင်သော်လည်းကောင်း၊ အဖြေကို မသိလျှင်သော်လည်းကောင်း၊ အကယ်၍ တခုခု မှားယွင်းနေပါက မေးခွန်းမေးမြန်းသူကို အမှားပြင်ဆင်ပေးရန်)၊ ကလေးသူငယ်မှ ဤညွှန်ကြားချက်များကို နားလည်ကြောင်းသေချာစေရန် လိုအပ်သလို ဥပမာများကို အသုံးပြုရန်ဖြစ်သည်။ ကလေးငယ်ကို သူ/သူမ ၏ စကားလုံးများအတိုင်း စည်းမျဉ်းစည်းကမ်းများကို ပြန်လည်ရွတ်ဆိုစေခြင်းအားဖြင့် သူ/သူမ သည် အပြည့်အဝနားလည်ပြီးဖြစ်ကြောင်းကို သေချာစေရာတွင် အသုံးဝင်သည်။

ကလေးသူငယ်များနှင့် အပြန်အလှန်ခင်မင်နားလည်မှု တည်ဆောက်ရာတွင် အသုံးဝင်သည့် နည်းပညာမှာ ကလေးသူငယ်၏ အသက်/ ရင့်ကျက်မှုအဆင့် အလိုက် သင့်လျော်သော အပြုသဘောဆောင်သည့် လှုပ်ရှားမှု (ဥပမာ-ရုပ်ပုံဆွဲခြင်း၊ အနှောင့်အယှက်ကင်းသောသီးသန့်အခန်းတည်ဆောက်ခြင်း) သို့မဟုတ် ကလေးသူငယ်ကို ၎င်း၏ အသက်တာတွင် အပြုသဘောဆောင်သော အတွေ့အကြုံကို မျှဝေစေခြင်း (ဥပမာ- မိသားစုအတွင်း ပျော်ရွှင်ဖွယ်အမှတ်ရစရာ)။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် မေးခွန်းမေးမြန်းသူအတွက် ကောင်းမွန်သည့်အခွင့်အလမ်းရရှိနိုင်သည်မှာ ကလေးသူငယ်၏ ဘာသာစကား/ စကားလုံး အသုံးပြုပုံ၊ သူ/သူမ၏ သတင်းအချက်အလက်များကို ထုတ်ဖော်နိုင်မှု နှင့် ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြောဆိုနိုင်မှုကို အကဲဖြတ်နိုင်သည်။ ဤသို့ပြုလုပ်ခြင်း၏ အစိတ်အပိုင်းတခု သို့မဟုတ် နောက်တိုးဖြည့်စွက်မှုအဖြစ်၊

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

ကလေးသူငယ်၏အပြုသဘောဆောင်သော ပျော်ရွှင်ဖွယ်အတွေ့အကြုံနှင့် ဖြစ်ရပ်အပေါ် မေးခွန်းများမေးခြင်းအားဖြင့် ကလေးသူငယ်ကို သင်၏ ဘက်မလိုက်သောအကြောင်းအရာ မေးခွန်းများကို ဖြေဆိုရာတွင် ကျင့်သားရကာ နောက်ပိုင်းတွင် ပိုမိုခက်ခဲပြီး သို့မဟုတ် စိတ်ပင်ပန်းသောကဖြစ်စေသည့်ဆွေးနွေးမှုများအတွင်းမှ မေးခွန်းများကို ဖြေဆိုရာတွင် သင်လိုအပ်မည်ဖြစ်သော အသေးစိတ် အဆင့်ကို နားလည်သဘောပေါက်မည်ဖြစ်သည်။

နောက်ဆုံးအနေဖြင့်၊ သင်တန်းဆရာမှ အသားပေးပြောပြရမည်မှာ မေးခွန်းမေးမြန်းသူများသည် ကလေးသူငယ်များ နှင့် အပြန်အလှန်ပြောဆိုဆက်ဆံရာတွင် အသုံးပြုမည့် ၎င်းတို့၏မေးခွန်းများကို စာစီရေးဆွဲခြင်းသည် အထူးသဖြင့် အရေးကြီးကြောင်းကိုဖြစ်သည်။ ၎င်းတို့သည် ရှင်းရှင်းလင်းလင်း နှင့် ရိုးရှင်းသော အကန့်အသတ်မဲ့အဖွင့်မေးခွန်းများ နှင့် အရိပ်အမြွက်ကင်းသောမေးခွန်းများ (ရှုပ်ထွေးမှုမရှိ၊ အမေး ပေါင်းများစွာပါသည့် မေးခွန်းမျိုး မဟုတ်သည့် ) ကို အသုံးပြုသင့်သည်။ မေးခွန်းမေးသူများသည် ကလေးသူငယ်များအမှန်တကယ်လက်တွေ့အသုံးပြုသည့်စကားလုံးသက်သက်ကိုသာ (ဥပမာ- ခန္ဓာကိုယ်အစိတ်အပိုင်းကိုပြောဆိုဖော်ပြခြင်း သို့မဟုတ် ကလေးသူငယ်မှတိုင်ကြား/ပြောပြသည့် အဖြစ်အပျက်များ) အလေးပေးရန် နှင့် အပြုအမူတခုကို လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု သို့မဟုတ် မဖွယ်မရာပြုမှု ဖြစ်ကြောင်း မှတ်ချက်ပြုခြင်းကို ရှောင်ရှားရန်အကြောင်းမှာ ကလေးသူငယ်၏ ဖြစ်စဉ် နှင့် ပြန်လည်သတိရစေသည့်အကြောင်းအရာများအပေါ် လွှမ်းလွှမ်းကဲကဲ ဩဇာလွှမ်းမိုးမှုကို ရှောင်ရှားရန်ဖြစ်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈